
# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၂၇ မတ် - ၂ ဧပြီ ၂၀၂၆




၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်မှ ဧပြီ ၂ ရက်နေ့အတွင်း နိုင်ငံတဝန်းတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များ စုစုပေါင်း ၁၆၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းတို့အနက် စစ်ရေးလှုပ်ရှားမှုများမှာ အနည်းဆုံး ၉၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များမှာ အနည်းဆုံး ၇၁ ကြိမ် ဖြစ်ပွားခဲ့သည်။

NYAN LYNN THIT ANALYTICA

မတ်လ ၃၁ ရက်နေ့တွင် စစ်အုပ်စု၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ စစ်ခေါင်းဆောင်မင်းအောင်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ နန်းနီနီအေး နှင့် စစ်အုပ်စုလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ စစ်အုပ်စုဝန်ကြီးချုပ် ညိုစောတို့ကို ဒုတိယသမ္မတများအဖြစ်အသီးသီး ရွေးချယ်တင်မြှောက်ခဲ့သည်။ တနေ့တည်းမှာပင် စစ်ခေါင်းဆောင်မှ ၎င်း၏ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်အား ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား လွှဲပြောင်းခန့်အပ်ခဲ့ပြီး ဒုတိယကာကွယ်ရေးဦးစီးချုပ်တာဝန်အား ဗိုလ်ချုပ်ကြီး ကျော်စွာလင်းအား လွှဲပြောင်း တာဝန်ပေးအပ်ခဲ့သည်။ ထို့အပြင် စစ်အုပ်စု၏ တပ်မတော်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ရာထူးကို ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုဦးအား ခန့်အပ်တာဝန်ပေးခဲ့သည်။ ဧပြီလ ၃ ရက်နေ့တွင် စစ်အုပ်စုသည် သမ္မတရွေးချယ်တင်မြှောက်ပွဲကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး စစ်ခေါင်းဆောင် မင်းအောင်လှိုင်မှ မဲပေါင်း ၄၂၉ ဖြင့် သမ္မတဖြစ်လာခဲ့ပြီး စစ်အုပ်စုဝန်ကြီးချုပ် ညိုစောမှ မဲပေါင်း ၁၂၆ မဲဖြင့် ဒုတိယသမ္မတ ၁ နှင့် ဒေါ်နန်းနီနီအေးမှ မဲပေါင်း ၂၉ မဲဖြင့် ဒုတိယသမ္မတ ၂ ဖြစ်လာခဲ့သည်။

# မြင်ကွင်း


# တော်လှန်စစ်ဆင်ရေး


## တပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ


အစီရင်ခံကာလအတွင်း တနိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၃၃ မြို့နယ်တွင် တိုက်ပွဲ အနည်းဆုံး ၉၇ ကြိမ် ဖြစ်ပွားခဲ့ပြီး မကွေးဒေသတွင် စုစုပေါင်း ဖြစ်စဉ် ၂၂ ခုဖြင့် တိုက်ပွဲအများဆုံးဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တိုက်ပွဲဖြစ်စဉ်အရေအတွက် လျော့ကျလာသည်ကို တွေ့ရသည်။

၄င်းဖြစ်စဉ်များအနက် နှစ်ဘက်အပြန်အလှန်တိုက်ခိုက်မှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်များအနက် ၈ ခုသည် စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ စခန်းသိမ်းနှင့်မြို့သိမ်းဖြစ်စဉ်များဖြစ်သည်။ မတ်လ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသည့် စစ်ကိုင်းဒေသ ကသာမြို့နှင့် ထီးချိုင့်မြို့တို့ကို စစ်အုပ်စုမှ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ ထို့အပြင် ကချင်ဒေသ ဖားကန့်မြို့ရှိ စစ်အုပ်စု၏ စစ်စခန်းများကို ကချင်လွတ်မြောက်ရေးတပ်တော် (KIA) နှင့် ပူးပေါင်းတပ်များမှ သိမ်းပိုက်ရရှိခဲ့သည်။

အစီရင်ခံကာလအတွင်းတွင် ရှမ်း (အရှေ့)၊ ရှမ်း (တောင်)၊ ရန်ကုန်ဒေသတို့တွင် စစ်ရေးလှုပ်ရှားမှုများ ဖြစ်ပွားခြင်းမရှိကြောင်း တွေ့ရသည်။ ထို့အပြင် ကရင်နီ၊ မွန်နှင့် နေပြည်တော်ဒေသတို့တွင် ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ ရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှုများမရှိကြောင်း တွေ့ရသည်။ ပဲခူး (အနောက်)၊ ရှမ်း (မြောက်) နှင့် ဧရာဝတီဒေသတို့တွင် ယခင်အပတ်အတွင်းတွင် စစ်ရေးလှုပ်ရှားမှုများ မရှိခဲ့သော်လည်း ယခုအပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ ရှိခဲ့သည်။






## အရပ်သား ပစ်မှတ်ထားတိုက်ခိုက်မှုများ

အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနေဖြင့် မြို့နယ်ပေါင်း ၄၃ မြို့နယ်တွင် အနည်းဆုံး ဖြစ်စဉ် ၇၁ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သားအနည်းဆုံး ၄၀ ဦး သေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့ကာ အရပ်သား ၈၇ ဦး မတရားဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ဖြစ်စဉ် ၂၄ ကြိမ် ရှိခဲ့သည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုဖြစ်စဉ်မှာ ၁၉ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ပြီး အရပ်သားများကို ဖမ်းဆီးမှုဖြစ်စဉ်မှာ တတိယအများဆုံးဖြစ်ကာ ဖြစ်စဉ် ၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အရပ်သားပစ်မှတ်ထားတိုက်ခိုက်ခံရမှု ဖြစ်စဉ်အရေအတွက် ကျဆင်းလာသည်ကို တွေ့ရသည်။


အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဒေသမှာ စစ်ကိုင်းဒေသဖြစ်ပြီး အရပ်သား ၁၁ ဦး သေဆုံးကာ ၂၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ချင်းဒေသသည် အရပ်သားထိခိုက်သေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး  အရပ်သား ၁၁ ဦး သေဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သားထိခိုက်သေဆုံးမှု တတိယအများဆုံးမှာ မန္တလေးဒေသတွင် ဖြစ်ပွားခဲ့ပြီး အရပ်သား ၁၀ ဦး သေဆုံခဲ့သည်။

အစီရင်ခံကာလအတွင်း မန္တလေးဒေသတွင် အရပ်သား ၄၆ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးမှုအရေအတွက် အများဆုံးဒေသအဖြစ် တွေ့ရှိရသည်။ ထို့နောက် စစ်ကိုင်းဒေသတွင် အရပ်သားဖမ်းဆီးခံရမှုအရေအတွက် ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပြီး ၁၄ ဦး ဖမ်းဆီးခံခဲ့ရကာ ဧရာဝတီဒေသတွင် အရပ်သား ၁၃ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု တတိယအများဆုံးဒေသဖြစ်သည်။

# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၂၇ မတ် - ၂ ဧပြီ ၂၀၂၆




၁ ပညာရေးအဆောက်အဦ

၃ ဆေးရုံ/ဆေးခန်း


၁ ဘာသာရေးအဆောက်အဦ

## စစ်အုပ်စု၏ အရပ်သားကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများ

အစီရင်ခံကာလအတွင်း စစ်အုပ်စုသည် ဒေသ ၇ ခုရှိ မြို့နယ်ပေါင်း ၁၈ မြို့နယ်တွင် အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၂၄ ခု ကျူးလွန်ခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၂၂ ဦး သေဆုံးခဲ့ပြီး ၄၃ ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအများဆုံးမှာ တနင်္သာရီဒေသတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ် ၆ ခု ရှိခဲ့သည်။

အစီရင်ခံကာလအတွင်း စစ်ကိုင်းဒေသနှင့် ချင်းဒေသတို့တွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ အစုလိုက်အပြုံလိုက်သေဆုံးမှုဖြစ်စဉ် ၂ ခုကိုလည်း တွေ့ရှိရပြီး အဆိုပါဖြစ်စဉ်အတွင်း အရပ်သားပြည်သူ ၁၆ ဦး သေဆုံးခဲ့ပြီး ၂၇ ဦး ဒဏ်ရာရခဲ့သည်။


NYAN LYNN THIT ANALYTICA




# ဖြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၂၇ မတ် - ၂ ဧပြီ ၂၀၂၆





## စစ်အုပ်စု၏ စစ်ကြောင်းထိုးမှုများ

အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုများအနက် စစ်အုပ်စုတပ်များမှ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်စီးနင်းမှုသည် ဒုတိယအများဆုံးဖြစ်ပြီး မြို့နယ် ၁၁ ခုတွင် အနည်းဆုံး ၁၉ ကြိမ် ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၁၁ ဦး သေဆုံးခဲ့ပြီး ၁၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးဒေသသည် စစ်ကြောင်းထိုးခံရမှု အများဆုံးဒေသဖြစ်ပြီး ဖြစ်စဉ် ၇ ခု တွေ့ရှိရသည်။ မန္တလေးဒေသသည် စစ်ကြောင်းထိုးခံရမှု ဒုတိယအများဆုံးဖြစ်ပြီး ၆ ကြိမ် ရှိခဲ့သည်။ ထို့နောက် စစ်ကိုင်း၊ ကရင်နှင့် ကရင်နီဒေသတို့သည် တတိယအများဆုံးဖြစ်ပြီး ဖြစ်စဉ် ၂ ကြိမ်စီ ရှိခဲ့သည်။

ဧပြီလ ၂ ရက်နေ့တွင် စစ်အုပ်စုစစ်ကြောင်းတခုသည် မန္တလေးဒေသ၊ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာတရွာအား စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး လက်နက်ငယ်၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေး ၁ ဦးအပါအဝင် အရပ်သားပြည်သူ ၁၀ ဦး ထိခိုက်သေဆုံးခဲ့သည်။



# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားထိခိုက်သေဆုံးမှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန ၄၃ ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့် ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကိုရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ ၁ ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် ၁ ခု အဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စုကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။